**ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့**

၁၃၃၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်။
(၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များ ဥပဒေ။

[၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ ဥပဒေဟု ခေါ်တွင်စေရမည်။

အမည်နှင့် စတင်အာဏာ တည်သည့်နေ့ရက်။

(၂) ဤဥပဒေသည်။ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ဤဥပဒေ အကြောင်းအရာနှင့် ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်တို့နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) ''ကောင်စီ''ဆိုသည်မှာ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေပုဒ်မ ၃ (၁) အရ ဖွဲ့စည်းထားသော ''ပြည်ထောင်စု မြန်မာနိုင်ငံဆေးကောင်စီ''ကို ဆိုလိုသည်။

(ခ) ''မှတ်ပုံတင်အရာရှိ'' ဆိုသည်မှာ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၁၀ အရ ခန့်ထားသော ''မှတ်ပုံတင်အရာရှိ''ကို ဆိုလိုသည်။

(ဂ) ''သွားဘက်ဆိုင်ရာ ဆရာဝန်'' ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အမည်စာရင်းတွင် အမည် တင်သွင်း ခံရသူ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးဦးကို ဆိုလိုသည်။

(ဃ) ''အမည်စာရင်း'' ဆိုသည်မှာ ''ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထားရှိသော ''သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း'' ကို ဆိုလိုသည်။

(ဃ) ''သွားဘက်ဆိုင်ရာဆေးပညာ''ဆိုသည်မှာ သွားရောဂါများကို ဆေးဝါးဖြင့် ကုသသည့် အတတ်၊ ခွဲစိတ်ကုသသည့်အတတ်၊ သွားနုတ်ခြင်း၊ သွားဖါထေး ပြုပြင်ခြင်း၊ သွားတုတပ်ခြင်း အတတ်စသည့် သွားနှင့် စပ်ဆိုင်သော ခေတ်မှီလောကဓါတ်ပညာနှင့် ကိုက်ညီသည့် ဆေးပညာကို ဆိုလိုသည်။

(စ) ''စိစစ်ရေးဘုတ်အဖွဲ့'' ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ အမည်စာရင်း၌ အမည်တင်သွင်းရန် လျှောက်ထားသော လျှောက်လွှာများကို စိစစ်ရန် ဖွဲ့စည်းထားသော ဘုတ်အဖွဲ့ကို ဆိုလိုသည်။

၃။ အမည်စာရင်း၌ အမည်တင်သွင်းရခြင်း။ ။မည်သူမဆို၊သွားဘက်ဆိုင်ရာဆေးပညာကိုအခကြေးငွေယူ၍ဖြင့်စေ စေတနာဝန်ထမ်းဖြစ်စေ အသုံးချ ဆောင်ရွက်လုပ်ကိုင်လိုလျှင်၊ သို့မဟုတ် ဆက်လက်အသုံးချ ဆောင်ရွက်လုပ်ကိုင်လိုလျှင် သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်းတွင် အမည်တင်သွင်းရမည်။

<u>ခြွင်းချက်။</u> ။(၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၁၆-က အရ ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ရုံးရှိဆရာဝန်အမည်စာရင်းတွင်အမည်တင်သွင်းထားသူ ဆရာဝန်တဦးဦးအား အစိုးရက တာဝန်ပေးအပ်လျှင်၊ ထိုသူသည် သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်းတွင် အမည်မတင်သွင်းသော်လည်း သွားဘက်ဆိုင်ရာဆေးပညာကို အသုံးချဆောင်ရွက်လုပ်ကိုင်နိုင်သည်။

(၂) ရန်ကုန်မြို့၊ဆေးတက္ကသိုလ် (၁)၊သွားဘက်ဆိုင်ရာဆေးကောလိပ်မှ ချီးမြှင့်သော B.D.S. ဘွဲ့၊ သို့မဟုတ် ကောင်စီမှ အသိအမှတ်ပြုသည့် နိုင်ငံခြားတိုင်းနိုင်ငံများမှချီးမြှင့်သော L.D.S. ဘွဲ့ထက်နိမ့်ကျသည့်လက်မှတ်ရပုဂ္ဂိုလ်များ၊သို့မဟုတ် မည်သည့်လက်မှတ်မှမရှိသော်လည်း အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် သွားဘက်ဆိုင်ရာဆေးပညာကို အသုံးချဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့်ပုဂ္ဂိုလ်များသည်၊ သွားဘက်ဆိုင်ရာဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းခွင့်မရှိစေရ။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးအား ကောင်စီမှ သတ်မှတ်ပေးသော လုပ်ပိုင်ခွင့် ဘောင်အတွင်း၌သာ ဆောင်ရွက်လုပ်ကိုင်စေရမည်။

၄။ အမည်စာရင်း၌အမည်တင်သွင်းခွင့်ရှိသူများ။ ။အောက်ပါ ပုဂ္ဂိုလ်များသည်၊ သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်းတွင် အမည်တင်သွင်းရန်လျှောက်ထားခွင့်ရှိသည်။

(က) ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ်မှ ချီးမြှင့်သော B.D.S. ဘွဲ့ရရှိသူများ။

(ခ) ကောင်စီမှ အသိအမှတ်ပြုသည့်၊ နိုင်ငံခြား တိုင်းနိုင်ငံများမှ ချီးမြှင့်သော L.D.S. ဘွဲ့ထက် မနိမ့်ကျသည့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့၊ သို့မဟုတ် ဒီဂရီ ရရှိသူများ။

သွားဘက်ဆိုင်ရာ အလုပ်သင် ဆရာဝန် အဖြစ် အမှုထမ်းရန် လိုအပ်ခြင်း။

၅။ ။(၁) ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာဆေးကောလိပ်မှ B.D.S ဘွဲ့ ရရှိသူများသည်၊ ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ်တွင်ဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အခါကာလအားလျော်စွာ သတ်မှတ်ပေးသည့် ဆေးရုံတခုခုတွင်ဖြစ်စေ သွားဘက်ဆိုင်ရာအလုပ်သင်ဆရာဝန်အဖြစ် ၁ နှစ်တာမျှ အမှုထမ်းရွက်ကြပြီးမှသာ အမည်တင်သွင်းရန် လျှောက်ထားခွင့်ရှိသည်။

(၂) ကောင်စီမှ အသိအမှတ်ပြုသည့်နိုင်ငံခြား တိုင်းနိုင်ငံများမှ ချီးမြှင့်သောသွားဘက်ဆိုင်ရာဆေးပညာဘွဲ့၊ သို့မဟုတ်ဒီဂရီကို ရရှိလာသူများသည်၊ ကောင်စီမှလိုအပ်သည်ဟုယူဆလျှင်၊ ကောင်စီမှ သတ်မှတ်ပေးသော ကာလအပိုင်းအခြားအတွက် အထက်ပါအတိုင်း သွားဘက်ဆိုင်ရာ အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းရွက်ရမည်။

အမည်စာရင်း၌အမည် တင်သွင်းရန် လျှောက်ထားခြင်း။

၆။ ။ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီသော အမည်စာရင်း၌ အမည်တင်သွင်းခွင့်ရှိသူများသည်၊ ဤဥပဒေပါ ကိစ္စများအတွက်ပြုလုပ်သော နည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် ပုံစံဖြင့်သတ်မှတ်သော အခကြေးငွေကိုပေးဆောင်၍၊ အမည်စာရင်း၌ အမည်တင်သွင်းခွင့်ရရန်၊ မှတ်ပုံတင်အရာရှိထံ လျှောက်လွှာများတင်သွင်းကြရမည်။

စိစစ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းခြင်း။

၇။ ။မှတ်ပုံတင်အရာရှိထံတင်သွင်းလာသော လျှောက်လွှာများကိုစိစစ်ရန်အတွက် စိစစ်ရေး ဘုတ်အဖွဲ့တဖွဲ့ကို ဖွဲ့စည်းပေးရမည်။ မှတ်ပုံတင်အရာရှိသည်၊ စိစစ်ရေးဘုတ်အဖွဲ့၏အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရမည်။

အမည်စာရင်း၌အမည် တင်သွင်းခြင်း။

၈။ ။(၁) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီ၍၊ စိစစ်ရေးဘုတ်အဖွဲ့မှကြေနပ်ပြီး၊ ကောင်စီမှလက်ခံအတည်ပြုသော လျှောက်လွှာရှင်၏အမည်ကို မှတ်ပုံတင်အရာရှိကသွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းရမည်။

(၂) အမည်စာရင်း၌ အမည်တင်သွင်းခွင့်ရသူ၊ သွားဘက်ဆိုင်ရာဆရာဝန်တဦးသည်၊ အမည်၊ သို့မဟုတ် နေရပ်လိပ်စာပြောင်းလျှင်သော်၎င်း၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့၊ သို့မဟုတ် ဒီဂရီထပ်မံရရှိလျှင်သော်၎င်း၊ စိစစ်ရေးအဖွဲ့နှင့် ကောင်စီ၏အဘည်ပြုချက်ကို ရယူပြီး၊ မှတ်ပုံတင်အရာရှိသည်၊ အမည်စာရင်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်သည်။

အမည်စာရင်း၌အမည်တင် သွင်း ရန် ငြင်း ပယ်ခြင်း။

၉။ ။စီစစ်ရေးဘုတ်အဖွဲ့က အမည်စာရင်း၌အမည်တင်သွင်းရန် လျှောက်ထားသူ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ ကြေနပ်မှုမရှိလျှင်သော်၎င်း၊ လျှောက်ထားသူသည်၊ အကျင့်စာရိတ္တချို့ယွင်းသည့်သဘော သက်ရောက်သော ပြစ်မှုတခုခုအတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်သော်၎င်း၊ ရူးသွပ်လျှင် သော်၎င်း၊ ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာ ကျင့်မိ၍သာပြုကျင့်ကြောင်း ယုတ္တိရှိသည့် အပြုအမူကို ကျူးလွန်လျှင်သော်၎င်း၊ လျှောက်ထားသူ၏အမည်ကိုသွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အကျိုးစီးပွါးကို ထိခိုက်နစ်နာစေမည်ဟူ၍ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏အကျိုးစီးပွါးအတွက် တစုံတရာ ဖြစ်ထွန်းဘွယ်ရာမရှိဟူ၍ဖြစ်စေ ယုံကြည်လျှင်သော်၎င်း ထိုလျှောက်ထားသူ၏ အမည်ကို သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်း၌ ထားဝစဉ်၊ သို့မဟုတ်သတ်မှတ်သည့် အချိန်ကာလအပိုင်းအခြားအတွက် အမည်တင်သွင်းရန် ငြင်းပယ်နိုင်သည်။

စီစစ်ရေး ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ကောင်စီသို့အယူခံပင်ခြင်း။

၁၀။ ။(၁) မည်သူမဆို၊ မိမိ၏အမည်ကိုဖြစ်စေ၊ သွားဘက်ဆိုင်ရာ ဆေးပညာ အရည်အချင်းတခုခုကိုဖြစ်စေ စီစစ်ရေးဘုတ်အဖွဲ့က အမည်စာရင်းတွင် မရေးသွင်းလိုကြောင်း ငြင်းဆိုသည့် ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(၂) အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကောင်စီ၏ဆုံးဖြတ်ချက်သည်အဆုံးသတ် အပြီးအပြတ်ဖြစ်စေရမည်။

အမည်စာရင်းကို ကောင်စီကပြင်ဆင်ခြင်း။

၁၁။ ။အမည်စာရင်းတွင် ရေးသွင်းချက်တခုခုသည် လိမ်လည်၍သော်၎င်း၊ မှားယွင်း၍သော်၎င်း ပြုလုပ်ထည့်သွင်းထားသည်ဟု ကောင်စီအား ကြေနပ်အောင်သက်သေ ထင်ရှားပြခဲ့လျှင်၊ ကောင်စီသည်သင့်သည်ဟုထင်မြင်သည့်အတိုင်း၊ သက်ဆိုင်သူအား အကြောင်းကြားပြီးနောက်၊ ကန့်ကွက်ချက်များရှိလျှင်၊ ထိုကန့်ကွက်ချက်များကို စုံစမ်းစစ်ဆေးပြီးသည့်အခါ၊ ထိုရေးသွင်းချက်ကို အမည်စာရင်းမှထုတ်ပယ်ရန်၊ သို့မဟုတ်ပြင်ဆင်ရန် သင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

အမည်စာရင်းမှထုတ်ပယ်ခြင်း။

၁၂။ ။(၁) သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းပြီးသူတဦးဦးသည်—

(က) သေဆုံးသွားလျှင်သော်၎င်း၊

(ခ) အကျင့်စရိတ္တ ပျက်ပြားရာရောက်သည်ဟု ကောင်စီကက ထင်မြင်သည့်ပြစ်မှုဖြင့် တရားရုံးကပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်သော်၎င်း၊

(ဂ) ကောင်စီက နည်းလမ်းတကျ စုံစမ်းစစ်ဆေးပြီးနောက် (ထိုသို့စုံစမ်းစစ်ဆေးရာတွင်၊ ထိုသူသည်၊ ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ချေပအကြောင်းပြခွင့်ရရှိပြီးဖြစ်လျက်) ပညာရှင်လုပ်ငန်းနှင့်စပ်လျဉ်း၍ မအပ်မရာကျင့်မိသောပြုကျင့်ကြောင်း ကောင်စီက ဆုံးဖြတ်လျှင်သော်၎င်း၊

(ဃ) စိတ္တဇရောဂါစွဲကပ်လာလျှင်၊ သို့မဟုတ်တွေဝေထိုင်းမှိုင်းစေသော ဆေးစွဲသူဖြစ်လာလျှင်၊ သို့မဟုတ် နားမကြားသူ၊ ဆွံ့အသူ၊ မျက်မမြင်သူဖြစ်လာလျှင်၊ သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးပညာကိုမှန်ကန်စွာ အသုံးမချနိုင်အောင် ရောဂါဝေဒနာတခုခု စွဲကပ်လာလျှင်သော်၎င်း၊

(င) မိမိသဘောဆန္ဒ အလျောက် အမည်စာရင်းမှ ပယ်ဖျက်ခွင့်ပြုရန်လျှောက်ထားလာလျှင်သော်၎င်း၊

(စ) သွားဘက်ဆိုင်ရာ ဆေးပညာကို အသုံးချဆောင်ရွက် လုပ်ကိုင်ခြင်းမပြုတော့လျှင်သော်၎င်း၊

ကောင်စီသည်၊ ထိုသူနှင့် ပတ်သက်သည့်ကိစ္စကို မှတ်ပုံတင်အရာရှိက တင်ပြသောကြောင့်ဖြစ်စေ၊ အခြားတနည်းကြောင့်ဖြစ်စေ သိရှိလျှင်၊ ထိုသူ၏အမည်ကို အမည်စာရင်းမှ ထာဝစဉ်၊ သို့မဟုတ် သတ်မှတ်သည့်အချိန်ကာလ အပိုင်းအခြားအတွက် အမည်စာရင်းမှထုတ်ပယ်ရန် အမိန့်ချမှတ်နိုင်သည်။

(၂) ပုဒ်မခွဲ ၁ (က) အရ၊ သေဆုံးကြောင်းသိရှိနိုင်ရန်အတွက်၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ စာရင်းအင်း မှတ်ပုံတင်အရာရှိတိုင်းသည်၊ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးသေဆုံးကြောင်း တိုင်ချက်ကို ရရှိလျှင် ရရှိခြင်း၊ ထိုသို့သေဆုံးကြောင်း မိမိလက်မှတ်ရေးထိုးထားသော သက်သေခံလက်မှတ်ကို သေဆုံးသည့်အချိန်နှင့် နေရပ်ပါဖော်ပြလျက်၊ ဤဥပဒေတွင် အမိပ္ပါယ် ဖော်ပြထားသော မှတ်ပုံတင်အရာရှိထံပေးပို့ရမည်။

(၃) ပုဒ်မခွဲ ၁ (ဃ) အရ၊ ရောဂါဝေဒနာတခုခုစွဲကပ်သဖြင့်အမည်စာရင်းမှ ထုတ်ပယ်ခြင်းခံရသူ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးသည်၊ ထိုရောဂါဝေဒနာ ပျောက်ကင်းကြောင်း သက်သေအထောက်အထား ခိုင်လုံစွာ ပြသနိုင်လျှင်၊ အမည်စာရင်း၌ ပြန်လည်အမည်တင်သွင်းနိုင်ခွင့်ရှိသည်။

(၄) ပုဒ်မခွဲ ၁ (စ) အရ၊ သွားဘက်ဆိုင်ရာ ဆရာဝန်တဦးသည်၊ သွားဘက်ဆိုင်ရာဆေးပညာကိုအသုံးချဆောင်ရွက်လုပ်ကိုင်ခြင်းမပြုတော့ဟုကြားသိရလျှင် ၎င်းအချက်ကို ထိုသူထံသို့ မှတ်ပုံတင် အရာရှိက စာဖြင့်ရေးသား မေးမြန်းရမည်။ ထိုသို့မေးမြန်းရာတွင် သွားဘက်ဆိုင်ရာ ဆေးပညာကို အသုံးချဆောင်ရွက် လုပ်ကိုင်ခြင်းမပြုတော့သည်မှာ မှန်ကန်ကြောင်း အကြောင်းပြန်ကြားချက် ရရှိလျှင်သော်၎င်း၊ ၆ လကြာသည့်တိုင်အောင် စောင့်ဆိုင်းသော်လည်း မည်သို့မျှ အကျိုးအကြောင်း ပြန်ကြားစာကိုမရရှိလျှင်သော်၎င်း ထိုသူ၏အမည်ကို အမည်စာရင်းမှထုတ်ပယ်ရမည်။

**အမည် စာ ရင်း တွင် ပြန်လည်အမည် တင်သွင်းခြင်း။**

၁၃။ ။ကောင်စီသည်၊ အမည်စာရင်းမှ ထုတ်ပယ်ထားသော ရေးသွင်းချက်မည်သည့်ကိုမဆို ပြန်လည်ရေးသွင်းရန်အမိန့်ချမှတ်နိုင်ခွင့်ရှိသည်။

**နှစ်စဉ်စာရင်း။**

၁၄။ ။(၁) မှတ်ပုံတင်အရာရှိသည်၊နှစ်စဉ်ကောင်စီက၊ ဤကိစ္စအလို့ငှါ သတ်မှတ်ရမည့်နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီ ဖြစ်စေ အခါအားလျော်စွာ သွားဘက် ဆိုင်ရာ ဆရာဝန် အမည်စာရင်းကို မှန်ကန်စွာ ပုံနှိပ်ထုတ်ဝေရမည်။

(၂) တရားရုံး အသီးသီးသည်၊ ထိုနှစ်စဉ်စာရင်းများအနက်၊ နောက်ဆုံးစာရင်းတွင် အမည်ရေးသွင်းထားသူ အသီးသီးကို၊ မှတ်ပုံဝင် သွားဘက် ဆိုင်ရာ ဆရာဝန် ဟူ၍၎င်း၊ ထိုသို့ အမည် ရေးသွင်း မထားသူ အသီးသီးကို မှတ်ပုံဝင် သွားဘက် ဆိုင်ရာ ဆရာဝန် မဟုတ်ဟူ၍၎င်း မှတ်ယူ စေရမည်။ သို့ရာတွင် အဆိုပါစာရင်းတွင် အမည်ပါသင့်သော်လည်း မပါသူတဦးဦးဖြစ်လျှင်၊ အမည်စာရင်းတွင် ထိုသူ၏အမည်ရေးသွင်းထားရှိကြောင်း မှတ်ပုံတင်အရာရှိက မှန်ကန်သည်ဟု ဝန်ခံလက်မှတ်ရေးထိုးသည့် သက်သေခံလက်မှတ်သည်၊ ထိုသူမှတ်ပုံဝင် သွားဘက် ဆိုင်ရာဆရာဝန်ဖြစ်ကြောင်း ထင်ရှားသည့် သက်သေခံဖြစ်စေရမည်။

**မှတ်ပုံဝင် မထားသူများမဆောင်ရွက်နိုင်သည့်ကိစ္စများ၊**

၁၅။ ။(၁) တရားဥပဒေအရလိုအပ်သည့်ဆေးလက်မှတ်မည်သည်ကိုမျှ မှတ်ပုံဝင်သွားဘက်ဆိုင်ရာဆရာဝန်က လက်မှတ်မရေးထိုးလျှင်၊ ထိုလက်မှတ်သည် မှတ်ပုံဝင် ဆရာဝန်ကပေးသော တရားဝင်ဆေးလက်မှတ်ဖြစ်သည်ဟု မမှတ်ယူရ။

(၂) မည်သူမျှမှတ်ပုံဝင် သွားဘက်ဆိုင်ရာ ဆရာဝန်မဟုတ်လျှင်၊ မိမိ၏အမည်တွင် ''ဒေါက်တာ''၊ သို့မဟုတ် ''ဆရာဝန်'' "Dr." or "Doctor" ဟု ထည့်တပ်ခြင်းမပြုရ။

**အပြန်အလှန် အသိအမှတ်ပြုခြင်း။**

၁၆။ ။ကောင်စီသည်၊ မြန်မာနိုင်ငံ သွား ဘက် ဆိုင် ရာ ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီဂရီများနှင့်နိုင်ငံခြားတိုင်းနိုင်ငံများမှသွားဘက်ဆိုင်ရာဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့၊ ဒီဂရီများကို အပြန် အလှန် အသိအမှတ် ပြုနိုင်သည်။

**ပြစ်ဒဏ်များ။**

၁၇။ ။(၁) မည်သူမဆို၊ သွားဘက်ဆိုင်ရာ ဆရာဝန် မဟုတ်ဘဲလျက် သွားဘက်ဆိုင်ရာ ဆရာဝန်ယောင်ဆောင်လျှင်၊ သို့မဟုတ် သွားဘက်ဆိုင်ရာ ဆရာဝန်တဦးကဲ့သို့ ပြုမူလုပ်ကိုင်လျှင်၊ ထိုသို့အယောင်ဆောင် ပြုမူလုပ်ကိုင်ခြင်းကြောင့် လူတဦးတယောက် အလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ငါးနှစ်မှဆယ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

(၂) မည်သူမဆို ပုဒ်မ ၃၊ သို့မဟုတ် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်လျှင်၊ ငါးနှစ်မှ ဆယ်နှစ်အထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

**အခကြေးငွေများကို စီမံခန့်ခွဲခြင်း။**

၁၈။ ။ဤဥပဒေအရကောက်ခံသောအခကြေးငွေအားလုံးကို၊ ကောင်စီမှ လက်ရှိကျင့်သုံးလျက်ရှိသော စည်းကမ်း နည်းလမ်းများ အတိုင်း အသုံးပြုရမည်။

**နည်းဥပဒေများ ပြုခြင်းနှင့်ညွှန်ကြားချက်များထုတ်ခြင်း။**

၁၉။ ။(၁) အစိုးရသည်၊ ဤဥပဒေပါပြဋ္ဌာန်းချက်များအတိုင်းဆောင်ရွက်ရန်အလို့ငှါ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။

(၂) အစိုးရသည်၊ သို့မဟုတ် အစိုးရကလွှဲအပ်သောအဖွဲ့သည်၊ အထက်ပါ နည်းဥပဒေများနှင့် မဆန့်ကျင်သော ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

(ပုံ) စန်းယု၊
ဥက္ကဋ္ဌ (ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

၁၃၃၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်။
(၁၉၇၀ ခုနှစ်၊ ဇွန်လ ၂၉ ရက်။)

အမိန့်အရ၊

(ပုံ) ဒု-ဗိုလ်မှူးကြီး ကြီးမြင့်၊
အတွင်းဝန်(ကိုယ်စား)၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။